engage^ny

Our Students. Their Moment.

# “အပြောင်းအလဲများ” နှင့် အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း

## ကလေးများ သင်ကြား တတ်မြောက်နိုင်ရေး အတွက် မိဘများအနေဖြင့် ဖေးမကူညီပေးနိုင်သော ကိစ္စရပ်များ

ပြည်နယ်လုံးဆိုင်ရာ ဗဟိုအခြေပြုသင်ကြားမှုစံနှုန်း အရ ဆရာ၊ ဆရာမများသည် မိမိတို့သင်ကြားသည့် အတန်းများတွင် အဓိကပြောင်းလဲမှု ၁၂ ခု ပြုလုပ်ရသည် – ၎င်းတို့အနက်မှ အပြောင်းအလဲ ၆ ခုသည် အင်္ဂလိပ်အခြေပြု ဂိဏ္ဍတွဲနှင့် သက်ဆိုင်၍၊ ကျန် ၆ ခုမှာ သင်္ချာဘာသာများနှင့် သက်ဆိုင်သည်။ ပိုမိုမြင့်မားသော ပညာရေးစံနှုန်းများ ပါဝင်သော ယင်းအပြောင်းအလဲများကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ကနဦးအစေတွင် အခက်အခဲများ တွေ့ရှိကောင်း တွေ့ရှိနိုင်ပေသည်။

မိဘတဦးအနေဖြင့် ကျောင်းတွင် မည့်သည့်သင်ယူလေ့လာမှုများ ပြုလုပ်နေသည်ကို သင့်ကလေးနှင့် ပြောဆိုဆွေးနွေးခြင်းအားဖြင့် ရင်သွေးငယ်များကို ကူညီပံ့ပိုးပေးနိုင်သည်။ ကလေးများအား တနေ့တာ သင်ခန်းစာများအကြောင်း ပွင့်လင်းလွတ်လပ်စွာ မေးမြန်းခြင်း၊ ကလေးများ၏ အိမ်စာများကို ဖတ်ရှုခြင်း၊ ကျောင်းမှ ကမကထပြုသော ပွဲလမ်းများကို တက်ရောက်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဆရာ၊ ဆရာမများမှ ကျောင်းသား၊ ကျောင်းသူများ အပေါ်ထားရှိသော မျှော်မှန်းချက်များကို သိရှိလေ့လာနိုင်သည်။

ဤစာရွက်စာတမ်းသည် သင့်ကလေး၏ အတန်းတွင်း အပြောင်းအလဲများနှင့် ပတ်သက်သည့် အကြောင်းတို့ကို ရှင်းပြဖြေဆိုထားကာ၊ သင့်အနေဖြင့် မည်သို့မည်ပုံ ကူညီနိုင်သည်တို့ကို ထည့်သွင်းဖေါ်ပြထားသည်။ ပိုမိုသိရှိလိုပါက www.engageny.org. သို့ သွားရောက်ကြည့်ရှုနိုင်သည်။

## အပြောင်းအလဲ ၁၂ ခု

| အင်္ဂလိပ်ဘာသာအခြေပြု ဂိဏ္ဍတွဲ/စာတတ်မြောက်ရေး | သင်္ချာဘာသာများ |
|---|---|
| • ရသစာပေ ဖတ်သလောက် သုတစာပေကို ဖတ်ရှုလေ့လာပါ | • စွမ်းရည်များကို အတန်းအလိုက် မြှင့်တင်ပါ |
| • ကမ္ဘာလောကအကြောင်းကို စာပေဖတ်ရှုခြင်းဖြင့် လေ့လာသင်ယူပါ | • အနည်းငယ်သိရှိခြင်းအကြောင်း လေ့လာပါ |
| • ပိုမိုခက်ခဲသော စာပေများကို ဖတ်ရှုပါ | • သင်္ချာ အချက်အလက်များကို လွယ်လင့်တကူ အသုံးပြုပါ |
| • “သက်သေ သာဓက” ကိုအသုံးပြု၍ ဖတ်စာများကို ဆွေးနွေး ပြောဆိုပါ | • မြန်မြန်စဉ်းစား၍ ပုစ္ဆာများကို ဖြေရှင်းပါ |
| • “သက်သေ သာဓက” ကိုအသုံးပြု၍ ရေးစာများကို ရေးသားတင်ပြပါ | • အမှန်တကယ်သိရှိ၍၊ အမှန်တကယ် တွက်ချက်လုပ်ကိုင်ပါ |
| • ဝေါဟာရများ ပိုမိုသိရှိပါ | • ပြင်ပလောကတွင်လည်း သင်္ချာကို လက်တွေ့အသုံးချပါ |

## အင်္ဂလိပ်ဘာသာအခြေပြုဂီတ္တတွဲ/စာတတ်မြောက်ရေး: ကျောင်းသားကျောင်းသူများအတွက် မျှော်မှန်းချက်များ နှင့် မိဘများအတွက် အကြံကောင်းများ

| အပြောင်းအလဲဆိုတာဘာလဲ? | ကျောင်းသား၊ကျောင်းသူများမှ ဘာလုပ်ရန်လိုအပ်သလဲ? | မိဘများမှ ဘယ်လို ကူညီ၊ ပံပိုးပေးနိုင်သလဲ? |
|---|---|---|
| ရသစာပေ ဖတ်သလောက် သုတစာပေကို ဖတ်ရှုလေ့လာပါ | သုတစာပေများ ပိုမိုဖတ်ရှုပါ | သုတစာပေများ ပိုမိုဖြည့်စွက် ပံ့ပိုးပေးပါ |
| | သုတစာပေများ မည်သို့ တည်ဆောက်ရေးဖွဲ့ထားသည်ကို နားလည်ပါ | သုတစာပေကို သင့်ကလေးနှင့်အတူ လိုက်လံ၍ အသံထွက်ဖတ်ရှုပါ |
| | သတုစာပေများမှ အချက်အလက်များကို ဆွေးနွေးတိုင်ပင်ပါ | သင့်ကလေးအရှေ့တွင် သုတစာပေများကို နှစ်သက်ဖတ်ရှုကြောင်းပြပါ |
| ကမ္ဘာ့လောကအကြောင်း ကိုစာပေဖတ်ခြင်း ဖြင့်လေ့လာသင်ယူပါ | စာပေဖတ်ရှုခြင်းဖြင့် သိပ္ပံနှင့် လူမှုရေးပညာရပ်များအကြောင်း လေ့လာပါ | သင့်ကလေး စိတ်ဝင်စားသည့် စာပေများကို ထပ်ပိုးဖြည့်စွက် ပံ့ပိုးပါ |
| | "နဂိုမူရင်း" စာပေများကို အသုံးပြုပါ | ကိစ္စရပ်များ၏ ဖြစ်စဉ်အကျိုးအကြောင်းများကိုရှင်းပြထားသော စာပေကိုရှာပါ |
| | ဖတ်စာများကို အသုံးပြုခြင်းဖြင့် ပိုမို တိုးတက်၊ ထက်မြက်လာပါစေ | သုတစာပေများနှင့် ၎င်းတို့တွင်ပါဝင်သော ယူဆချက်များကို ဆွေးနွေးပါ |
| ပိုမိုခက်ခဲသော စာပေများကို ဖတ်ရှုပါ | နားလည်သည့်အထိ အဖန်ဖန် ဖတ်ရှုပါ | မိမိကလေး၏ အဆင့်-အတန်း ညီသော စာပေများကို သိရှိပါ |
| | မိမိအဆင့်နှင့်ကိုက်ညီသောစာပေများနှင့် ထိုထက်မြင့်သောစာပေများဖတ်ရှုပါ | ခက်ခဲသောစာပေများနှင့် ဖတ်ရှုနိုင်သောစာပေများကို ပေးဖတ်ပါ |
| | စိတ်မကျေလည်၊ အားမရခြင်းကို ကိုင်တွယ်ဖြေရှင်းပါ | ခက်ခဲသောစာပေများကို မိမိကလေးနှင့်အတူ ဖတ်ရှုပါ |
| | တိုးတက်အောင် ပိုမိုအားစိုက် တွန်းပါ | ခက်ခဲသောစာပေများသည် ဖတ်သင့်၊ ဖတ်ထိုက်ကြောင်းပြပါ |
| "သက်သေ သာဓက" ကိုသုံး၍ ဖတ်စာများကို ဆွေးနွေး ပြောဆိုပါ | လျှောက်လဲချက်များကို ထောက်ကူနိုင်သော သက်သေ သာဓကများကိုရှာပါ | ဖတ်စာများအကြောင်း ပြောဆိုပါ |
| | စီရင်ချက်များနှင့် ယူဆချက်များ ဖေါ်ဆောင်ပါ | ဆွေးနွေးချက်များနှင့် သဘောထားကွဲလွဲမှုများအတွက် သာဓက တောင်းပါ |
| | စာရေးသူ၏ အတွေးအခေါ်ကို ဆွေးနွေးပါ | အသံထွက်၍ (သို့) သင့်ကလေးဖတ်နေသောစာပေများကို ဖတ်ရှု ဆွေးနွေးပါ |
| | နောက်ဆက်တွဲ ဖြစ်နိုင်ချေရှိသည်တို့ကို ခန့်မှန်းကြည့်ပါ | ခန့်မှန်းချက်များကို ဆွေးနွေးပါ |
| "သက်သေ သာဓက" သုံး၍ ရေးစာများကို ရေးသားတင်ပြပါ | စာရေးသည့်အခါ လျှောက်လဲချက်များအတွက် သက်သေ သာဓကပြပါ | အိမ်၌ စာရေးခြင်းကို အားပေးပါ |
| | စာရေးသည့်အခါ ဖတ်စာအများအပြားကို ယှဉ်တွဲလေ့လာပါ | သက်သေ သာဓကများ သုံး၍ "စာအုပ်များကို" အတူတူရေးသားပါ |
| | အရေးအသား ကောင်းမွန်အောင် လေ့လာပါ | ဂုဏ်ထူးဆောင် ကျောင်းသားများရေးသားသော စာပေများကို လေ့လာပါ |
| ဝေါဟာရများ ပိုမိုသိရှိပါ | တက္ကသိုလ်နှင့် လုပ်ငန်းခွင်တွင် အသုံးဝင်သော ဝေါဟာရများလေ့လာပါ | ကလေးငယ်များနှင့်အတူ စဉ်ဆက်မပျက်၊ မကြာခဏ စာဖတ်ပါ |
| | "ဘာသာစကား စွမ်းအား" အသုံးပြု၍ ပိုမို ထူးချွန်ထက်မြက်လာပါစေ | အကြောင်းအရာတူများအတွက် များပြားသော စာပေများကို ဖတ်ရှုပါ |
| | | ကလေးများအား စကားပြောပါ၊ စာဖတ်ပြပါ၊ နားထောင်ပါ၊ သီချင်းဆိုပြပါ၊ ဟာသ သံစဉ်များ ဖွဲ့ပါ၊ စကားလုံး များဖြင့် ကစားပါ |

engage ny

Our Students. Their Moment.

## သင်္ချာဘာသာများ: ကျောင်းသားကျောင်းသူများအတွက် မျှော်မှန်းချက်များ နှင့် မိဘများအတွက် အကြံကောင်းများ

| အပြောင်းအလဲဆိုတာဘာလဲ? | ကျောင်းသား၊ကျောင်းသူများမှ ဘာလုပ်ရန်လိုအပ်သလဲ? | မိဘများမှ ဘယ်လို ကူညီ၊ ပံ့ပိုးပေးနိုင်သလဲ? |
|---|---|---|
| **စွမ်းရည်များကို အတန်းအလိုက် မြှင့်တင်ပါ** | နှစ်စဉ် နှင့်အမျှ သင်ယူမှုများ တိုးပွားပါ | သင့်ကလေး ယမန်နှစ်က မကျွမ်းကျင်သည်ကို သိရှိ၍၊ နောင်လာမည့် သင်ခန်းစာများကို မည့်သို့ထိခိုက်နိုင်သည်ကို သိရှိပါ |
| | | သင့်ကလေးအတွက် ထောက်ခံ၊ တောင်းဆိုပါ |
| | | လိုအပ်ချက် "ကွက်လပ်များ" အသေအချာ ဖြည့်စွက်ပြီးစီးရန် လုပ်ဆောင်ပါ |
| **အနည်းငယ်သိရှိခြင်း အကြောင်းကို ပိုလေ့လာပါ** | အယူအဆ အနည်းငယ်အပေါ် အချိန်ပိုပေးပါ | သင့်ကလေး၏ အတန်းအလိုက် မည်သည့် သင်ခန်းစာများသည် ဦးစားပေး ဖြစ်သင့်သည်ကို သိရှိပါ |
| **သင်္ချာ အချက်အလက်များကို လွယ်လင့်တကူ အသုံးပြုပါ** | အယူအဆ တခုခြင်းစီကို ထဲထဲဝင်ဝင် သိရှိပါ | ကလေး၏ ဦးစားပေး သင်ခန်းစားများအတွက် အချိန်ပေးပါ |
| | | သင့်ကလေး၏ ဆရာ၊ ဆရာမထံမှ ကလေး၏ တိုးတက်မှုကို အစီရင်ခံပါ |
| **မြန်မြန်စဉ်းစား၍ ပုစ္ဆာများကို ဖြေရှင်းပါ** | အတွေးအခေါ် တခုအပေါ် အခြေခံသည့် ပုစ္ဆာအမြောက်အများကို အချိန်သုံး တွက်ချက်လေ့ကျင့်ပါ | ကလေးများအား အခြေခံသင်္ချာများကို နားလည်၊ မှတ်သား၊ သိရှိစေရန် တိုက်တွန်းပါ |
| | | သင့်ကလေး ကျွမ်းကျင်သင့်သည်များကို သိရှိပါ |
| | | သင့်ကလေး ကျွမ်းကျင်ရန် ခက်ခဲနေသော အပိုင်းများကို ဦးစားပေးပါ |
| **အမှန်တကယ်သိရှိ၍၊ အမှန်တကယ်လုပ်ကိုင်ပါ** | သင်္ချာကို အသုံးပြု၍၊ အဘယ်ကြောင့် အသုံးဝင်ကြောင်းသိရှိပါ | သင်္ချာပုစ္ဆာများ၏ အဖြေများ မည်သို့ရရှိလာပုံကို သင့်ကလေးအား မေးခွန်းများမေး၊ အိမ်စာများစစ်ခြင်းဖြင့် ၎င်းတကယ်သိ၊ မသိ ကြည့်ပါ |
| | သင်္ချာအဘယ်ကြောင့် အသုံးဝင်ကြောင်း ပြောဆိုဆွေးနွေးပါ | သင့်ကလေးသိသင့်သော အဓိကသင်္ချာများအတွက် အချိန်ပို တောင်းဆိုပါ |
| | ထိုသို့အသုံးဝင်ကြောင်းကို သိရှိကြောင်း သက်သေပြခိုင်းပါ | သင့်ကလေးအား အိမ်၌ သင်္ချာတွက်ရန် အချိန်ပေးပါ |
| **ပြင်ပလောကတွင်လည်း သင်္ချာကိုလက်တွေ့အသုံးချပါ** | ပြင်ပလောက၌ ဖြစ်ပေါ်လာသော အခြေအနေများအတွက် သင်္ချာ အသုံးပြုပါ | သင့်ကလေးအား နေ့စဉ်ကြုံတွေ့နေရသော ကိစ္စများအတွက် သင်္ချာ အသုံးပြုရန် တိုက်တွန်းပါ |
| | မည့်သည့်အခြေအနေအတွက် မည့်သည့် သင်္ချာသုံးရမည်ကို သိရှိပါ | |